# ပြည်တွင်း/ပြည်ပ ဧည့်သည်များ Digital ID card system ဖြင့် ကိုယ်တိုင်မှတ်ပုံတင်၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနရုံးအတွင်းသို့ အဝင်/အထွက် ပြုလုပ်သွားကြပါရန် အသိပေးကြေငြာခြင်း

၁။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနသို့ ကုမ္ပဏီမှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်သည့် ကိစ္စရပ်များအတွက် လာရောက်လျက်ရှိသော ပြည်တွင်း/ပြည်ပ ဧည့်သည်များ၏ ရုံးအတွင်းသို့ ဝင်/ထွက် သွားလာမှုများအပေါ် စနစ်တကျဖြစ်စေရန်၊ ဌာနတွင် ရေရှည်မှတ်တမ်း ထိန်းသိမ်းထားနိုင်ရန်နှင့် ဧည့်သည်များ ဝင်/ထွက်သွားလာမှု အကြောင်း အရာများအပေါ် အခြေခံ၍ ဌာနအတွက် လိုအပ်သော သုတေသနနှင့် ဖော်ထုတ်ချက်များ ဆောင်ရွက်နိုင်ရန် ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့မှ စတင်၍ Digital ID Card System အား စတင်ကျင့်သုံး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေး ကြေငြာအပ်ပါသည်။

၂။ ဧည့်သည်များ ဝင်/ထွက် သွားလာမှုအတွက် အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်ကြရန် လိုအပ်ပါသည်-

(က) Digital Card ဖြင့် လဲလှယ်နိုင်ရန် ပြည်တွင်း ဧည့်သည်များအနေဖြင့် မှတ်ပုံတင်ကတ် (သို့မဟုတ်) ယာဉ်မောင်းလိုင်စင် (သို့မဟုတ်) အခြားတရားဝင် အသိ အမှတ်ပြု ကဒ်ပြား တစ်ခုခုအား လည်းကောင်း၊ ပြည်ပဧည့်သည်များ အနေဖြင့် passport (သို့မဟုတ်) အဖွဲ့အစည်း/ကုမ္ပဏီများမှ အသိအမှတ်ပြု ကဒ် တစ်ခုခုအား လည်းကောင်း ယူဆောင်လာရန် လိုအပ်ပါသည်။

(ခ) ဧည့်သည်များ အနေဖြင့် ရုံး အဝင်အဝသို့ ရောက်ရှိပါက Digital Card System ၌ ကိုယ်တိုင် မှတ်ပုံတင်ခြင်း ပြုလုပ်ရပါမည်။

(ဂ) Digital Card System ၌ မှတ်ပုံတင်ပြီး တာဝန်ကျအရာရှိထံမှ မိမိကိုယ်ပိုင်ကတ် တစ်ခုခုနှင့် Digital Card အား လဲလှယ် ချိတ်ဆွဲ၍ ရုံးအတွင်းသို့ ဝင်ရောက်ရပါမည်။

(ဃ) ရုံးကိစ္စများ ပြီးဆုံး၍ ပြန်လည်ထွက်ခွာပါက Digital Card နှင့် မိမိကိုယ်ပိုင်ကတ် တစ်ခုခုအား ပြန်လည် လဲလှယ်၍ စနစ်တကျ အပ်နှံရမည်။

(င) ရုံးအတွင်းသို့ ဝင်ရောက်ရန် ထုတ်ယူခဲ့သော Digital Card အား ပျောက်ဆုံး/ပျက်ဆီးပါက ဒဏ်ကြေး (၅၀၀၀) ကျပ် ပေးဆောင်ရပါမည်။

(စ) ရုံးပြင်ပသို့ ထွက်ခွာစဉ် (သို့မဟုတ်) Digital Card အပ်နှံရန် မေ့ကျန်၍ နောက်ရက်များမှ ပြန်လည်အပ်နှံလဲလှယ်ပါက(၁)ရက်လျှင် ဒဏ်ကြေး (၃၀၀၀) ကျပ် ပေးဆောင်ရပါမည်။

၃။ ရုံး အဝင်/အထွက်မှ မှတ်ပုံတင်မှု ကိစ္စရပ်များ စနစ်တကျနှင့် အဆင်ပြေချောမွေ့မှု ရှိစေရေးအတွက် ဌာနနှင့် ပူးပေါင်း ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန**